ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်

ထုတ်ဝေချက် ၂၁ – စက်တင်ဘာလ ၂၀၁၃

ဤရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်တွင် ကျွမ်းကျင်မှုနိမ့် မြန်မာ/ဗမာ၊ လာအိုနှင့် ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သားများအပေါ် ထိုင်းအစိုးရ၏ နောက်ဆုံးမူဝါဒ၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ ရွှေ့ပြောင်းလုပ်သားများအတွက် ကျန်းမာရေဆေးစစ်ချက်များနှင့် အာမခံဆိုင်ရာ ထုတ်ပြန်ချက်အသစ်များ၊ တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေးလုပ်ငန်းစဉ် လုပ်ဆောင်ခြင်း၊ နိုင်ငံသားစိစစ်အတည်ပြုခြင်းနှင့် နားလည်မှုစာချွန်လွှာပါ လုပ်ငန်းစဉ်များအတွက် နောက်ဆုံးရအချက်အလက်စာရင်းဇယားများ ပါဝင်သည်။

ထိုင်းအစိုးရအဖွဲ့မှ မြန်မာ/ဗမာ၊ လာအိုနှင့် ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သားများအား တရားဝင်နေထိုင်ခွင့်ပြုရေးဆောင်ရွက်ခြင်းကာလကို သက်တမ်းတိုးပေးခြင်း

ထိုင်းအစိုးရအဖွဲ့က ထိုင်းနိုင်ငံအတွင်းရှိ တရားမဝင်ရွှေ့ပြောင်းလုပ်သားများအား တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေး လုပ်ငန်းပြီးစီးရမည့်နောက်ဆုံးရက်အား တစ်နှစ် ထပ်တိုးပေးသည့်ဆုံးဖြတ်ချက်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ထိုဆုံးဖြတ်ချက်တွင် ရွှေ့ပြောင်းလုပ်သားများကို အောက်ပါအတိုင်း အုပ်စုနှစ်စု ခွဲထားပါသည် –

- **အုပ်စု(၁)**။ လုပ်ငန်းရှင်များမှ တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေးအတွက် စာရွက်စာတမ်းများတင်ပြခဲ့သော်လည်း မူလနောက်ဆုံးသတ်မှတ်ရက်ဖြစ်သော ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ယာယီနိုင်ငံကူးလက်မှတ် မရရှိသေးသည့် ရွှေ့ပြောင်းအလုပ်သမားများ ပါဝင်သည်။ ဤအုပ်စုအား ထိုင်းနိုင်ငံအတွင်း နောက်ထပ်တစ်နှစ် ယာယီနေထိုင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုခဲ့ပါသည်။ တရားဝင်နေထိုင်ခွင့်ပြုလုပ်ခြင်းလုပ်ငန်းနှင့် ယာယီနိုင်ငံကူးလက်မှတ် ရရှိရန် စောင့်ဆိုင်းနေစဉ် ထိုရွှေ့ပြောင်းလုပ်သားများသည် ပြည်ထဲရေးဝန်ကြီးဌာနမှ ယာယီနေထိုင်ခွင့်မှတ်ပုံတင် (ထော်ရော် ၃၈/၁)ရယူရန်နှင့် အလုပ်သမားဝန်ကြီးဌာနတွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားခြင်းတို့ကို လုပ်ဆောင်ကြရန် လိုအပ်ပါသည်။ တရားဝင်နေထိုင်ခွင့်ပြုလုပ်ခြင်းလုပ်ငန်းပြီးစီးပြီးနောက် နေရင်းနိုင်ငံမှ ယာယီနိုင်ငံကူးလက်မှတ် ရရှိပြီးမှသာ ထိုရွှေ့ပြောင်းလုပ်သားများသည် တရားဝင်အနေအထားသို့ ရောက်ရှိမည် ဖြစ်သည်။

- **အုပ်စု(၂)**။ ငါးလုပ်ငန်းခွင်မှ မြန်မာ/ဗမာ၊ လာအိုနှင့် ကမ္ဘောဒီးယား တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများ ပါဝင်သည်။ အစိုးရအဖွဲ့ဆုံးဖြတ်ချက်က ဤအုပ်စုအား ထော်ရော် ၃၈/၁ ရယူပြီး ယာယီနေထိုင်ရန် တစ်နှစ်လျှင် နှစ်ကြိမ် မှတ်ပုံတင်ခွင့်နှင့် တစ်နှစ်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားရန် ခွင့်ပြုခဲ့ပါသည်။

လုပ်ငန်းစဉ်နှင့်ပြီးစီးအောင်ဆောင်ရွက်ရမည့်ကာလများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

အုပ်စု(၁)။ ယာယီနိုင်ငံကူးလက်မှတ်များ မရရှိသေးသောရွှေ့ပြောင်းအလုပ်သမားများအတွက် မှတ်ပုံတင်ခြင်း လုပ်ငန်း
(နေရင်းနိုင်ငံများမှ မစိစစ်ရသေးသည့်အခြေအနေ)

<u>အဆင့် (၁)။</u> လုပ်ငန်းရှင်များမှ ဘန်ကောက်/ပြည်နယ် အလုပ်အကိုင်ခန့်ထားရေးရုံးများတွင် စာရွက်စာတမ်းများတင်ပြခြင်း (အလုပ်ခန့်ထားရန် တောင်းခံစာမိတ္တူ၊ ရွှေ့ပြောင်းအလုပ်သမားများ အမည်စာရင်းနှင့် ကိုယ်ရေးရာဇဝင်ပုံစံ)။
(၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၀ – စက်တင်ဘာလ ၂၀)

<u>အဆင့် (၂)။</u> ဘန်ကောက်/ပြည်နယ် အလုပ်အကိုင်ခန့်ထားရေးရုံးများမှ တင်ပြထားသော စာရွက်စာတမ်းများအား စစ်ဆေးပြီး ဒေသ/ခရိုင်မှတ်ပုံတင်ရုံးများသို့ ဆက်လက်တင်ပြရန် ထောက်ခံစာထုတ်ပေးခြင်း။
(၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၀ – စက်တင်ဘာလ ၂၀)

<u>အဆင့် (၃)။</u> လုပ်ငန်းရှင်များနှင့် ရွှေ့ပြောင်းအလုပ်သမားများသည် တော်ရော် ၃၈/၁ ရရှိရန်အတွက် လျှောက်လွှာပုံစံ (တော်တော် ၁)၊ တောင်းခံစာ၊ ရွှေ့ပြောင်းအလုပ်သမားများ အမည်စာရင်း၊ ကိုယ်ရေးရာဇဝင်ပုံစံ၊ ဘန်ကောက်/ပြည်နယ် အလုပ်အကိုင်ခန့်ထားရေးရုံးများမှ ရရှိသော ထောက်ခံစာနှင့် ဓါတ်ပုံနှစ်ပုံ (တစ်လက်မဆိုဒ်) တို့ကို ဒေသ/ခရိုင်မှတ်ပုံတင်ရုံးများ၌ တင်ပြခြင်း။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – အောက်တိုဘာလ ၁၅)

<u>အဆင့် (၄)။</u> ရွှေ့ပြောင်းအလုပ်သမားများသည် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ကျန်းမာရေးဆေးပေးခန်းများတွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအာမခံ သွားရောက်လျှောက်ထားခြင်း။ ကျန်းမားရေးဆေးပေးခန်းများတွင် တော်ရော် ၃၈/၁ အားပြသရန်လိုအပ်ပါသည်။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – အောက်တိုဘာလ ၃၀)

<u>အဆင့် (၅)။</u> ရွှေ့ပြောင်းအလုပ်သမားများမှ ဘန်ကောက်/ပြည်နယ် အလုပ်အကိုင်ခန့်ထားရေးရုံးများတွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားခြင်း။ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားရာတွင် လိုအပ်သောစာရွက်စာတမ်းများမှာ တော်တော် ၈ (အလုပ်လုပ်ကိုင်ခွင့် လက်မှတ်လျှောက်လွှာပုံစံ)၊ တော်ရော် ၃၈/၁၊ ဆေးစစ်ချက်လက်မှတ်၊ အလုပ်ခန့်စာ၊ အလုပ်ရှင်၏ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်ရှင်၏မှတ်ပုံတင်မိတ္တူ၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ဓါတ်ပုံ ၃ ပုံ (၃ × ၄ စင်တီမီတာ) နှင့် လုပ်ငန်းခွင်တည်နေရာပြမြေပုံတို့ ဖြစ်ပါသည်။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – နိုဝင်ဘာလ ၁၄)

<u>အဆင့် (၆)။</u> ဘန်ကောက်/ပြည်နယ် အလုပ်အကိုင်ခန့်ထားရေးရုံးများမှ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်လွှာလက်ခံခြင်းနှင့် ငွေသွင်းချလံထုတ်ပေးခြင်း။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – နိုဝင်ဘာလ ၁၄)

<u>အဆင့် (၇)။</u> ရွှေ့ပြောင်းအလုပ်သမားများသည် ဘန်ကောက်/ပြည်နယ် အလုပ်အကိုင်ခန့်ထားရေးရုံးများမှ အကြောင်းကြားသော သတ်မှတ်ရက်တွင် ဘန်ကောက်/ပြည်နယ် အလုပ်အကိုင်ခန့်ထားရေးရုံးများ၌ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ ထုတ်ယူကြရမည်။ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ထုတ်ယူရန်အတွက် ရွှေ့ပြောင်းအလုပ်သမားများသည် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်လွှာမိတ္တူတစ်စောင်နှင့် ငွေသွင်းချလံ မိတ္တူတစ်စောင်တို့ကို ယူဆောင်ခဲ့ရမည်။

အုပ်စု(၂)။ ပြည်နယ် ၂၂ခုရှိ ငါးလုပ်ငန်းခွင်မှ ရွှေ့ပြောင်းအလုပ်သမားများအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်း[၁]

<u>အဆင့် (၁)။</u> ပြည်နယ်၂၂ခုရှိ ပြည်နယ်အလုပ်အကိုင်ခန့်ထားရေးရုံးများတွင် အလုပ်ရှင်များမှ ရွှေ့ပြောင်းအလုပ်သမားများအား အလုပ်ခန့်ထားရန် တောင်းခံစာတစ်စောင်၊ အလုပ်ရှင်၏ အိမ်ထောင်စုစာရင်း/မှတ်ပုံတင်မိတ္တူ၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် လုပ်ငန်းခွင်တည်နေရာပြမြေပုံတို့ တင်ပြခြင်း။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – ဒီဇင်ဘာလ ၁၅)

<u>အဆင့် (၂)။</u> ပြည်နယ်၂၂ခုရှိ ပြည်နယ် အလုပ်အကိုင်ခန့်ထားရေးရုံးများသည် တင်ပြထားသော စာရွက်စာတမ်းများအား စစ်ဆေးပြီး ဒေသတွင်း/ခရိုင်မှတ်ပုံတင်ရုံးများသို့ ဆက်လက်တင်ပြရန် ထောက်ခံစာထုတ်ပေးခြင်း။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – ဒီဇင်ဘာလ ၁၅)

<u>အဆင့် (၃)။</u> အလုပ်ရှင်များနှင့် ရွှေ့ပြောင်းအလုပ်သမားများမှ တော်ရော် ၃၈/၁ ရရှိရန်အတွက် လျှောက်လွှာပုံစံ (တော်တော် ၁)၊ အလုပ်ခန့်ထားရန် တောင်းခံစာ၊ ရွှေ့ပြောင်းလုပ်သားများ အမည်စာရင်း၊ ကိုယ်ရေးရာဇဝင်ပုံစံ၊ ဘန်ကောက်/ပြည်နယ် အလုပ်အကိုင်ခန့်ထားရေးရုံးများမှရရှိသော ထောက်ခံစာနှင့် ဓါတ်ပုံနှစ်ပုံ(တစ်လက်မဆိုဒ်)တို့ကို ပြည်နယ်၂၂ခုရှိ ဒေသ/ခရိုင်မှတ်ပုံတင်ရုံးများ၌ တင်ပြခြင်း။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – ဒီဇင်ဘာလ ၁၅)

<u>အဆင့် (၄)။</u> ရွှေ့ပြောင်းအလုပ်သမားများသည် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ကျန်းမာရေးဆေးပေးခန်းများတွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအာမခံ လျှောက်ထားခြင်း။ ကျန်းမာရေးဆေးပေးခန်းများတွင် တော်ရော် ၃၈/၁ အား ပြသရန် လိုအပ်ပါသည်။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – ဒီဇင်ဘာလ ၁၅)

<u>အဆင့် (၅)။</u> ရွှေ့ပြောင်းအလုပ်သမားများမှ ပြည်နယ်၂၂ခုရှိ ပြည်နယ် အလုပ်အကိုင်ခန့်ထားရေး ရုံးများတွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားခြင်း။ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်လျှောက်ထားရာတွင် လိုအပ်သော စာရွက်စာတမ်းများမှာ တော်တော် ၈ (အလုပ်လုပ်ကိုင်ခွင့် လက်မှတ်လျှောက်လွှာပုံစံ)၊ တော်ရော်၃၈/၁၊ ဆေးစစ်ချက်လက်မှတ်၊ အလုပ်ခန့်စာ၊ အလုပ်ရှင်၏အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်ရှင်၏ မှတ်ပုံတင်မိတ္တူ၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ဓါတ်ပုံ ၃ ပုံ (၃× ၄ စင်တီမီတာ) နှင့် လုပ်ငန်းခွင်တည်နေရာပြမြေပုံတို့ ဖြစ်ပါသည်။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – ဒီဇင်ဘာလ ၁၅)

---

[၁] ကရာဘီ (Krabi)၊ ကျန်ထဘူရီ (Chantaburi)၊ ချချင်းစောင်း (Chanchoengsao)၊ ချွန်ဘူရီ (Chonburi)၊ ချုံးဖွန်း (Chumporn)၊ တရတ် (Trad)၊ တရန်း (Trang)၊ နခွန်စီထမရတ် (Nakornsithammarat)၊ နာရာထိဝ (Narathiwas)၊ ပရာချုပ်ခီရီခန် (Prachubkhirikhan)၊ ပတ်တဏီ (Pattani)၊ ဖန်းငါး (Phang Nga)၊ ဖက်ဘူရီ (Phetburi)၊ ဖူးခက် (Phuket)၊ ရနောင်း (Ranong)၊ ရယောင်း (Rayong)၊ ဆမွတ်ပရာကန် (Samut Prakarn)၊ ဆမွတ်ဆခွန် (Samut Sakorn)၊ ဆမွတ်ဆုန်ခမ် (Samut Songkram)၊ ဆူရဋ္ဌာဏီ (Suratthani)၊ ဆုန်ခလာ (Songkhla)၊ စတွန်း (Satun)။

အဆင့် (၆)။ ပြည်နယ်၂၂ခုရှိ ပြည်နယ်အလုပ်အကိုင်ခန့်ထားရေးရုံးများမှ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်လွှာလက်ခံခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်လွှာ ရရှိကြောင်းနှင့် ငွေသွင်းချလံထုတ်ပေးခြင်း။
(၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၆ – ဒီဇင်ဘာလ ၁၅)

အဆင့် (၇)။ ရွှေ့ပြောင်းအလုပ်သမားများသည် ပြည်နယ်အလုပ်အကိုင်ခန့်ထားရေးရုံးများမှ သတ်မှတ်ပေးသောရက်တွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ ထုတ်ယူကြရမည်။ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များထုတ်ယူရန်အတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်လျှောက်လွှာမိတ္တူတစ်စောင်နှင့် လက်မှတ်ကြေးငွေသွင်းချလံမိတ္တူတစ်စောင်တို့ကို တပါတည်းယူဆောင်ခဲ့ရမည်။

ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ခွင့်လေးနှစ်တာကာလ ပြည့်ခဲ့သော ပုံမှန်ရွှေ့ပြောင်း အလုပ်သမားများ၏ နောက်ဆုံးအခြေအနေ

ထိုင်းနှင့် မြန်မာနိုင်ငံအကြား ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ ရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းနိုင်ငံအတွင်း လေးနှစ်ဆက်တိုက်အလုပ်လုပ်ကိုင်ပြီးနောက် ထပ်မံအလုပ်မလုပ်ကိုင်မီ နေရပ်သို့ သုံးနှစ်ပြန်ကြရမည် ဖြစ်သည်။ သို့သော် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့ နှစ်နိုင်ငံညှိနှိုင်းအစည်းအဝေးအရ ထိုင်းနှင့် မြန်မာအရာရှိများသည် လိုအပ်ချက်များနှင့်ကိုက်ညီပြီးသော ရွှေ့ပြောင်းအလုပ်သမားအတွက် ထိုင်းနိုင်ငံ အတွင်း ဆက်လက်အလုပ်လုပ်ကိုင်ရန် မလျှောက်ထားမီ နေရပ်သို့ပြန်ရမည့်ကာလကို သုံးနှစ်အစားတစ်လသတ်မှတ်ရန် သဘောတူညီခဲ့ကြသည်။ ထိုင်းနိုင်ငံအတွင်း လေးနှစ်ဆက်တိုက်အလုပ်လုပ်ကိုင်ပြီးနောက် ပြည်ဝင်ခွင့်ဗီဇာကုန်ဆုံးသွားသော ရွှေ့ပြောင်းအလုပ်သမားများလုပ်ဆောင်ရမည့် အသေးစိတ်အချက်အလက်များကို တရားဝင်ထုတ်ပြန်ကြေငြာခြင်းမရှိသေးပါ။

ရွှေ့ပြောင်းသူများအတွက် ကျန်းမာရေးဆေးစစ်ချက်များနှင့် အာမခံဆိုင်ရာ နောက်ဆုံးရသတင်းများ

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဝန်ကြီးများအဖွဲ့မှ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနကို လူမှုဖူလုံရေးလုပ်ငန်းစဉ် (Social Security Scheme) အတွင်း အကျုံးမဝင်သော ရွှေ့ပြောင်းသူများအတွက် ဆေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဦးဆောင်အဖွဲ့အစည်းအဖြစ် သတ်မှတ်သည့် ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးဆေးစစ်ချက်များနှင့် အာမခံဆိုင်ရာလုပ်ငန်းစဉ်များနှင့် နှုန်းထားများကို ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် အသေးစိတ်ထုတ်ပြန်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ယခင်ထုတ်ပြန်ခဲ့သည့် ရွှေ့ပြောင်းသူများ အတွက် ကျန်းမာရေးဆေးစစ်ချက်များနှင့် အာမခံဆိုင်ရာ အချက်အလက်များမှ အောက်ပါအချက် နှစ်ချက်ကို ပြင်ဆင်ပြီး အသေးစိတ်ထပ်မံထုတ်ပြန်ခဲ့သည်။

- အရွယ်ရောက်ပြီးသော ရွှေ့ပြောင်းသူများအတွက် ကျန်းမာရေးအာမခံ နှုန်းထားကို ထိုင်းဘတ်ငွေ ၁,၃၀၀ မှ ၂,၂၀၀ သို့ တိုးမြှင့်ခဲ့သည်။ ကျန်းမာရေးအာမခံအရ ခံစားခွင့်အများစုမှာ တူညီသော်လည်း အစီအစဉ်အသစ်တွင် အေအာရ်ဗီရရှိခွင့် ပါဝင်သည်။ (ခံစားခွင့်များကို ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက် ၂၀ တွင် အသေးစိတ်ဖတ်ရှုနိုင်ပါသည်)
- ကလေးငယ်များတွက် အာမခံနှုန်းထား ထိုင်းဘတ်ငွေ ၃၆၅ ပေးသွင်းရန် အသက်သတ်မှတ်ချက်ကို ၁၅ နှစ်မှ ၇ နှစ်သို့ လျှော့ချသတ်မှတ်ပေးခဲ့သည်။

၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့သတင်းအရ ရွှေ့ပြောင်းသူအုပ်စုများအတွက် ကျန်းမာရေးဆေးစစ်ချက်များနှင့် အာမခံဆိုင်ရာနှုန်းထား အသစ်များကို အောက်တွင်ဖော်ပြထားပါသည်

လူမှုဖူလုံရေးလုပ်ငန်းစဉ်၌ပါဝင်သော ရွှေ့ပြောင်းသူများ နှင့် ဤအစီအစဉ်ကိုရရှိရန် စောင့်နေသူများ အတွက် စုစုပေါင်းကုန်ကျငွေ=၁,၁၅၀ ဘတ်

- ကျန်းမာရေးစစ်ဆေးခြင်း တစ်ဦးလျှင် ၆၀၀ ဘတ်
- ကျန်းမာရေးအာမခံ တစ်ဦးလျှင် ၅၅၀ ဘတ်

(ကျန်းမာရေးအာမခံစတင်ပေးသွင်းသည့်နေ့မှ သုံးလစာခံစားခွင့်ရှိသည်)

လူမှုဖူလုံရေးလုပ်ငန်းစဉ်၌မပါဝင်သောရွှေ့ပြောင်းသူများအတွက်စုစုပေါင်းကုန်ကျငွေ=၂,၈၀၀ ဘတ်

- ကျန်းမာရေးစစ်ဆေးခြင်း တစ်ဦးလျှင် ၆၀၀ ဘတ်
- ကျန်းမာရေးအာမခံ တစ်ဦးလျှင် ၂,၂၀၀ ဘတ်

(ကျန်းမာရေး အာမခံစတင်ပေးသွင်းသည့်နေ့မှ တစ်နှစ်စာခံစားခွင့်ရှိသည်)

အသက် ၇နှစ်အောက် ကလေးငယ်များအတွက် စုစုပေါင်းကုန်ကျငွေ=၃၆၅ ဘတ်

- ကျန်းမာရေးစစ်ဆေးခြင်း အခမဲ့
- ကျန်းမာရေးအာမခံ တစ်ဦးလျှင် ၃၆၅ ဘတ်

(ကျန်းမာရေး အာမခံစတင်ပေးသွင်းသည့်နေ့မှ တစ်နှစ်စာခံစားခွင့်ရှိသည်)

ရွှေ့ပြောင်းလုပ်သားများ၏ စာရင်းဇယားများ

ဇယား ၁– ၂၀၁၃ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့အထိ (၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့စွဲပါ အစိုးရ၏ ဆုံးဖြတ်ချက်အရ) တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ရွှေ့ပြောင်း အလုပ်သမားများအရေအတွက်

နိုင်ငံသား	လုပ်ငန်းရှင်များမှ အလုပ်ခန့်ထားခွင့်တောင်းခံစာ တင်သွင်းပြီးသော ရွှေ့ပြောင်းအလုပ်သမားများ အရေအတွက်	တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေး လုပ်ငန်းစဉ်ပြီးစီး၍ တရားဝင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ရရှိပြီးသောရွှေ့ပြောင်းအလုပ်သမားများ အရေအတွက်	တရားဝင်နေထိုင်ခွင့်ပြုလုပ်ရေး လုပ်ငန်းစဉ် မပြီးစီးသေးသော ရွှေ့ပြောင်းအလုပ်သမားများ အရေအတွက်ဂ
ကမ္ဘောဒီးယား	၁၂၂,၈၉၉	၉,၆၇၁	၁၁၃,၂၂၈
လာအို	၆၆,၀၈၂	၃,၃၈၅	၆၂,၆၉၇
မြန်မာ/ဗမာ	၄၆၂,၁၆၂	၃၈၆,၀၆၈	၇၆,၀၉၄
စုစုပေါင်း	**၆၅၁,၁၄၃**	**၃၉၉,၁၂၄**	**၂၅၂,၀၁၉**

***၄င်းတို့သည် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အစိုးရအဖွဲ့မှ နောက်ဆုံးသတ်မှတ်ရက်တိုးပေးသည့် ဆုံးဖြတ်ချက်၏အကျိုးကို ခံစား ရမည်ဖြစ်သည်။**

ဇယား ၂- ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီး၍ တရားဝင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိထားပြီးသော ရွှေ့ပြောင်းလုပ်သားများစာရင်း

နိုင်ငံသား	အရေအတွက်
ကမ္ဘောဒီးယား	၈၉,၆၁၈
လာအို	၃၁,၇၈၂
မြန်မာ/ ဗမာ	၇၇၈,၂၅၈
စုစုပေါင်း	**၈၉၉,၆၅၈**

ဇယား ၃- ထိုင်းနှင့်အိမ်နီးချင်းသုံးနိုင်ငံအကြား အလုပ်ခန့်ထားရေးအမ်အိုယူအရ ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ ထိုင်းနိုင်ငံအတွင်း ရောက်ရှိလာပြီး တရားဝင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိထား ပြီးသော ရွှေ့ပြောင်းလုပ်သားများစာရင်း

နိုင်ငံသား	အရေအတွက်
ကမ္ဘောဒီးယား	၈၅,၇၃၃
လာအို	၁၆,၆၆၅
မြန်မာ/ ဗမာ	၃၆,၆၅၀
စုစုပေါင်း	**၁၃၉,၀၄၈**

ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနမှ ရယူထားခြင်း ဖြစ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းလုပ်သား စီမံခန့်ခွဲရေး၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးမှထုတ်ဝေပါသည်။စုံစမ်းလိုပါက ဖုန်း ၀၂-၃၄၃၉၃၀၀, fax (ဖက်စ်) ၀၂-၃၄၃၉၃၉၉, or e-mail:
migrantnews@iom.int သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်ကို အင်တာနက်တွင် အောက်ပါလိပ်စာအတိုင်း ဖတ်ရှုနိုင်ပါသည်။
http://th.iom.int/index.php/component/remository/facilitating-migration/migration-information-notes/